သို့

ဆရာဦးကျော်ဝင်း
ကုရ်အံအသိပညာပြန့်ပွားရေးကော်မတီ
ဆုတောင်းပြည့်အစ္စလာ့မ်ဝတ်ကျောင်းတော်

**<u>အကြောင်းအရာ။ ။ မလာအိကဟ် ဆွေးနွေးခန်း အပိုင်း(၁)</u>**

၁။ ဆရာ့ရဲ့ကြိုးပမ်းအားထုတ်မှုဖြစ်တဲ့ ဆွလာ့ဟ်စာအုပ်ကို ဖတ်ရတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ English စာပေနယ်ပယ်မှာတောင် ဆွလာ့ဟ်နဲ့ပတ်သက်ပြီး ဒီလို ဖွင့်ဆိုရေးသားမှုတွေနည်းနေသေးတဲ့အချိန်မှာ မြန်မာပရိသတ်တွေအတွက် မျက်စိဖွင့်ပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။ ဆွလာ့ဟ်ကိစ္စမှာ အသေးစိတ် ဖွင့်ဆိုရှင်းလင်းမှုမှာ အနည်းငယ်ကွာခြားတာကလွဲရင် ဆရာ့ရဲ့တင်ပြမှုတွေဟာ ကျွန်တော့်အတွက် လက်မခံနိုင်စရာမရှိပါ၊ အပြည့်အဝလက်ခံပါတယ်။ ဆွလာ့ဟ်ကိုဖွင့်ဆိုရှင်းလင်းမှုပြုသည်နှင့် တပြိုင်နက်တည်း ကျွန်တော်တို့လုပ်သင့်တာကတော့ ဆွလာ့ဟ်ရဲ့အရေခွံကိုခြုံထားတဲ့ နမားဇ်ကို ဟိုး...အဝေးဆုံးအထိကန်ထုတ် လိုက်ဖို့ပါပဲ။ အဲလိုပြောင်းလဲလာဖို့ အချိန်တော့ယူရပါလိမ့်မယ်။ ဆရာလည်း မျှော်လင့်နေမယ်ဆိုတာ သံသယ မရှိပါဘူး။

၂။ ဆရာနဲ့ ကျွန်တော်နားလည်မှုမညီတာလေးတစ်ခုကို ဆွေးနွေးချင်ပါတယ်။ မလာအိကဟ်ကိစ္စပါ။ ဆရာက ဂိုလာမ်အဟ်မဒ်ပရ်ဝေ့ဇ်ရဲ့ လိုဂါးသွလ်ကုရ်အံမှာ ဘာသာပြန်ထားတာတော့ မလာအိကဟ်ကို စွမ်းအင်စုများ ရယ်လို့ ဖွင့်ဆိုထားတာတွေ့ရပါတယ်။ ယခုဆရာဘယ်လိုယူဆထားပါသလဲ။ ကျွန်တော်ကတော့ မလာအိကဟ် ကို လူသားများအနေနဲ့ ဖွင့်ဆိုတာကို ပိုပြီးတော့ သဘောကျပါတယ်။ ကျွန်တော့်စိတ်ထဲမှာ လူသားများလို့ ဖွင့်ဆိုတာကို ပိုပြီး ဘဝင်ကျမိပါတယ်။ ကျွန်တော်ဘာကြောင့် အဲလိုယူဆရသလဲဆိုတာကို နောက်ပိုင်းမှာ တစ်အာယဟ်ချင်းစီ ရှင်းပြီး ဆရာနဲ့ အပြန်အလှန်ဆွေးနွေးပွဲမယ်။ မလာအိကဟ်ဆိုတာ ကောင်းကင်တမန်များ မဟုတ်ဘူးဆိုတဲ့အပိုင်းမှာတော့ ဆရာနဲ့ကျွန်တော်အငြင်းပွားဖွယ်မရှိပါ။ တပည့်ဆိုပေမဲ့ ကိုယ်ပိုင်နားလည်မှုမျိုး ကိုသာ ပျိုးထောင်ဖို့၊ ကိုယ့်ယုံကြည်ချက်ကိုယ်တည်ဆောက်ဖို့ ဆရာက အထပ်ထပ်အခါခါသွန်သင်ခဲ့လေတော့ ဆရာနဲ့ကျွန်တော်သဘောထားချင်း မတိုက်ဆိုင်တာကို ဆရာစိတ်ထဲခုမယ်မထင်ပါဘူး၊ ပိုလို့တောင် ဝမ်းသာ အားရရှိဦးမယ်ထင်ပါတယ်။ မှတ်တမ်းအဖြစ်ကျန်နေရစ်စေဖို့အတွက် အီးမေးလ်ကနေတဆင့် ကျွန်တော် ဆွေးနွေးလိုက်တာပါ ဆရာ။

## ၃။ <u>မလာအိကဟ်စစ်တပ်</u>

"အသင့်ပျိုးထောင်ရှင်က မလာအိကဟ်(များ)သို့ အာရုံဖြစ်စေသောအခါ - ငါသည်အသင်တို့နှင့်အတူရှိ၏၊ သို့ဖြစ်ရာ ယုံကြည်သောသူများအား ခိုင်မြဲကြံ့ခိုင်စေလော့၊ ငါသည်ငြင်းဆန်သူတို့၏ စိတ်နှလုံးထဲတွင် တုန်လှုပ်ချောက်ချားမှုကို ထည့်ပေးမည်။ .....(၈း၁၂)"

ဘာကြောင့် အလ္လာဟ်က မလာအိကဟ်(တွေ)ကို သင်တို့နဲ့ငါအတူရှိတယ်လို့ အားပေးနေရတာလဲ။ မလာအိကဟ်(တွေ)က သံသယဖြစ်နေလို့လား။ ပြီးတော့ ဒီမှာ မလာအိကဟ်(တွေ)ဆီကို ဝဟီအနေနဲ့ အသိပေး၊ အားပေးတယ်လို့ဆိုပါတယ်။ ကျွန်တော်နားလည်သလောက်တော့ ဝဟီက လူတွေဆီကိုပဲသွားတာပါ။ မလာအိကဟ်ဟာ စွမ်းအင်များဖြစ်မယ်ဆိုရင် အလ္လာဟ်က သူတို့ကို အားပေးနေစရာမလိုပါ။ ပြီးတော့ မလာအိကဟ်(တွေ)ကို အလ္လာဟ်က ငါသည်ငြင်းဆန်သူတို့၏ စိတ်နှလုံးထဲတွင် တုန်လှုပ်ချောက်ချားမှုကို ထည့်ပေးမယ်လို့ လည်း ပြောနေစရာမလိုပါ။ ဒီအာယဟ်မှာ အလ္လာဟ်က မလာအိကဟ်(တွေ)ကို အားပေးတယ်၊ ယုံကြည်သောသူများကိုလည်း အားဖြည့်ခိုင်းတယ်၊ ရန်သူတွေရဲ့ စိတ်ထဲကိုလည်း တုန်လှုပ်ချောက်ချားမှုထည့်ပေးမယ်လို့ စိတ်အေးအောင်ထပ်ပြောတယ်။ သုံးသပ်ကြည့်ရင် မလာအိကဟ်(တွေ)ဆိုတာ စစ်ဦးစီးတွေဖြစ်တဲ့ ရစူလ်နဲ့သူ့ရဲ့လက်ရင်းသာဝကတစ်စုကို ရည်ညွှန်းနေတယ်လို့ နားလည်ရပါတယ်။ ပြီးတော့ အာယဟ်ရဲ့နောက်ဆက်တွဲက...
"သို့ဖြစ်ရာ ဦခနချုပ်များအပေါ်တိုက်ခိုက်ပါ၊ ထို့နောက် ဦခနချုပ်များမှ အစွယ်အပွားများကိုတိုက်ခိုက်ပါ။ (၈း၁၂)"
ဟုဆက်ပြောသေး၏။
သတိပြုရမှာက တိုက်ဖို့အမိန့်ပေးနေတာ မလာအိကဟ်(တွေ)ကိုပါ။ သဘာဝစွမ်းအင်တွေကတော့ စစ်ပရိယာဟ်နဲ့ စစ်ချီတတ်ကြမယ်မထင်ပါဘူး။ ဒီအာယဟ်မှာစစ်ခေါင်းဆောင်တွေကို စစ်ချီနည်းသင်ပေးနေပုံနဲ့ ပိုပြီးဆင်တူနေပါတယ်။ ဒါကြောင့် မလာအိကဟ်(တွေ)ကို လူသားစင်စစ်များလို့ ကောက်ချက်ချမိပါတယ်။

ဒီအထိပြန်လည်ဆွေးနွေးပေးပါ ဆရာ... ဆက်လက်ဆွေးနွေးပါဦးမည်။

ချစ်ခင်စွာဖြင့်
ချမ်းငြိမ်း

သို့
ကိုချမ်းငြိမ်း

ကိုချမ်းငြိမ်းရဲ့ ဆွေးနွေးမှုကို ကြိုဆိုပါတယ်။ ဆွလာ့ဟ်သုတေသနစာတမ်းနဲ့ပတ်သက်ပြီး ဝေဖန်အကြံပေးစရာရှိရင်လည်း ပေးနိုင်ပါတယ်။ ဆွလာ့ဟ်နောက်ဆက်တွဲအနေနဲ့ လက်တွေ့ကျင့်သုံးမှု မှုအပိုင်းကိုရေးတဲ့အခါ ဖော်ပြဘို့ လိုအပ်တယ်လို့ယူဆရင် ဖော်ပြပေးပါ့မယ်။ အချိန်တန်ရင် ဆွလာဟ်မဟုတ်တာတွေက ဆွလာဟ်နဲ့ယှဉ်ပြီး ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ တကယ်တော့ ဒီလိုဖြစ်လာဘို့ ဆိုတာက လူသားရဲ့တာဝန်ပါ။ အထူးသဖြင့် မုစ်လင်မ့်တာဝန်ပေါ့။ ဒီနေရာမှာ အထူးသတိပြုရမယ့်အချက်က ဒီလိုဖြစ်လာဘို့အတွက် ဆွလာဟ်က ဘယ်ဒင်းဖြစ်ပါတယ်ဆိုတာကို မုစ်လင်မ်တစ်ဦးချင်း အနေနဲ့ နားလည်သဘောပေါက်ဖို့လိုတယ်။ ပြီးတော့ ဒီသဘောပေါက်မှုကို ရဲရဲဝံ့ဝံ့ လက်ခံပြီး လက်တွေ့ နယ်ပယ်မှာချမှတ်ကျင့်သုံးရလိမ့်မယ်။

တစ်ခုတော့ရှိတာပေါ့။ နမားဇ်ကို နမာဇ်လို့လက်ခံပြီး၊ ဝတ်ပြုနေသူတွေကို မထိခိုက်ရလေ အောင်ရှောင်ရှားဘို့လည်း လိုတယ်။ လူတိုင်းဟာ မိမိဆန္ဒနဲ့ မိမိနစ်သက်ရာကို ယုံကြည်ကိုးကွယ်ခွင့် ရှိနေတယ်လေ။ နမားဇ်ဟာ ဆွလာဟ်မဟုတ်ဘူး၊ ဒါမှမဟုတ် ဆွလာ့ဟ်ရဲ့ အစိတ်အပိုင်းမဟုတ်ဘူးဆိုတာကိုပဲ လူတွေလက်ခံလာအောင် အသိပညာတွေ ပေးသွားကြရမှာပါ။ ကျွန်တော်တော့ ဒီအတိုင်းပဲ ခံယူထားတယ်။

အခုဆက်လက်ပြီး မလာအိကဟ်အပိုင်းကို ဆွေးနွေးပါ့မယ်။

(၁) ကုရ်အာန်အဘိဓာန်ဟာ လုဂါသုလ်ကုရ်အာန်ကို ဘာသာပြန်ထားတာပါ။ အဲဒီ့မှာမှ အချို့အပိုင်းတွေမှာ အလ္လာမဟ် ဂုလာမ်အဟ်မဒ် ပရ်ဝေးဇ်နဲ့ အမြင်မတူတာလေးတွေရှိပါတယ်။ ဘာသာပြန်ဆိုရာမှာဘာသာပြန်ဆိုသူဘက်က စောင့်ထိန်းရတဲ့ မူရင်းစာအုပ်ပါ အကြောင်းအရာကို အရှိ အရှိအတိုင်း ပြန်ဆိုရတယ်ဆိုတာကို ကျွန်တော်အသိအမှတ်ပြုထားပါတယ်။ ဒါကြောင့် ဆရာကြီး ဂုလာမ်အဟ်မဒ် ပရ်ဝေးဇ် နဲ့အမြင်မတူတာတွေကို ဖော်ပြနိုင်ဘို့ အောက်ခြေမှတ်စုကို ကျွန်တော်အသုံးပြုထားပါတယ်။ အမြင်မတူ တာတွေပါလာရင် အဲဒီ့မှာ သီးခြားဖော်ပြပါ့မယ်။

မလာအိကဟ်နဲ့ပတ်သက်ပြီး စွမ်းအင် ဒါမှမဟုတ် စွမ်းအား ဆိုတဲ့ နားလည်ထားမှုအပေါ် ကျွန်တော်ကိုယ်တိုင် ဘဝင်မကျပါဘူး။ ဒီ့ထက်နက်နဲတဲ့ သဘောတရားတွေ ရှိရမယ်လို့ လက်ခံထားပါတယ်။ ဒါပေမဲ့ဘာလဲဆိုတာကိုတော့ ဆက်လက်လေ့လာသုံးသပ် သုတေသန ပြုစဲပါ။ အဖြေမထွက်သေးပါဘူး။

ဆရာဦးဌေးလွင်ဦးရဲ့ ကုရ်အာန်ဘာသာပြန်မှာ လူအုပ်စုတစ်စုကို ရည်ညွှန်းကြောင်း ဖွင့်ဆို ပြတာကိုဖတ်ရပါတယ်။ ဒါပေမဲ့ အဲဒါ မှန်၊ မမှန်ဆိုတာကို ပြောဘို့ စောပါသေးတယ်။

(၂)ဒီနေရာမှာ ကိုချမ်းငြိမ်း စဉ်းစားသုံးသပ်နိုင်ဘို့ အချက်တစ်ချက်ကို ပြောပြချင်တယ်။ အကယ်၍မလာအိကဟ်က လူလို့ လက်ခံလိုက်တယ်ဆိုပါစို့။ ဒါဆိုရင် အိစ်လာ့မ်ယုံကြည်ချက် ၅ ချက်ဖြစ်တဲ့အထဲမယ်မလာအိကဟ်ကို ယုံကြည်ခြင်း ဆိုတာကို ဘာကြောင့် အခန်းကဏ္ဍအဖြစ် ထည့်သွင်းထားရသလဲ။ ဒါဟာအဓိကထား စဉ်းစားရမယ့် အချက်တစ်ချက်လို့ ကျွန်တော်လက်ခံထားတယ်။ ဒါနဲ့ပတ်သက်ပြီး တိကျတဲ့အဖြေရရင် မလာအိကဟ်ဘာလဲဆိုတာကို သိနိုင်ဘို့ နီးစပ်နိုင်မယ်လို့ ထင်ပါတယ်။

ကျွန်တော်လည်း ဆက်လက်လေ့လာနေပါတယ်။ ကိုချမ်းငြိမ်းလည်း စိတ်မလောဘဲ တိကျတဲ့အဖြေရတဲ့အထိ သုံးသပ်ဘို့ တိုက်တွန်းပါတယ်။ ကိုချမ်းငြိမ်း တွေ့ရှိလာတဲ့ အချက်တွေကို ကျွန်တော့် ဆီမျှဝေပေးပါဦး။

လောလောဆယ်မှာ ကိုချမ်းငြိမ်းထောက်ပြတဲ့ အာယဟ်တွေကို ဖြေဆိုဘို့ အချိန်စောသေးတယ် လို့ ထင်ပါတယ်။

အခုလို ဆွေးနွေးတာကို အထူးပဲ ကျေးဇူးတင်ပါတယ်။

လေးစားစွာဖြင့်
ကျော်ဝင်း
၂၇.၈.၂၀၁၂

ဆလမ်ပါဆရာ

ဆရာဦးကျော်ဝင်း - မလာအိကဟ်နဲ့ပတ်သက်ပြီး စွမ်းအင် ဒါမှမဟုတ် စွမ်းအားဆိုတဲ့ နားလည်ထားမှုအပေါ် ကျွန်တော်ကိုယ်တိုင် ဘဝင်မကျပါဘူး။ ဒီ့ထက်နက်နဲတဲ့သဘောတရားတွေ ရှိရမယ်လို့ လက်ခံထားပါတယ်။ ဒါပေမဲ့ ဘာလဲဆိုတာကိုတော့ဆက်လက်လေ့လာသုံးသပ် သုတေသန ပြုစဲပါ။ အဖြေမထွက်သေးပါဘူး။

ချမ်းငြိမ်း - ဆရာ့ရဲ့လေ့လာချက် သုတေသနပြုချက်တွေကို တန်ဖိုးထားလေးစားစွာနဲ့ မျှော်နေပါ့မယ် ဆရာ။

ဆရာဦးကျော်ဝင်း - ဆရာဦးဌေးလွင်ဦးရဲ့ ကုရ်အာန်ဘာသာပြန်မှာ လူ့အုပ်စုတစ်စုကို ရည်ညွှန်းကြောင်း ဖွင့်ဆိုပြတာကို ဖတ်ရပါတယ်။ ဒါပေမဲ့ အဲဒါ မှန်၊ မမှန်ဆိုတာကို ပြောဘို့ စောပါသေးတယ်။

ချမ်းငြိမ်း - ဦးဌေးလွင်ဦးရဲ့ဖွင့်ဆိုမှုကို ကျွန်တော်အများကြီး နှစ်သက်မိပါတယ်။ ဒါပေမယ့် ဆွလာ့ဟ်ကိစ္စမှာ သူနဲ့ကျွန်တော် အမြင်ချင်းမတူလို့ ရှည်လျားစွာ ဆွေးနွေးခဲ့ကြရတာ ဆရာလည်း အသိပါဆရာ။ သူရဲ့မလာအိကဟ်ကို လူ့အုပ်စုတစ်စုအနေနဲ့ ဖွင့်ဆိုချက်ကို ကျွန်တော် လက်ခံတယ် ဆိုတာကလည်း သူကပြောတာနဲ့ပဲ ချက်ချင်းကောက်လက်ခံလိုက်တာမျိုး မဟုတ်ရပါ။

ဆရာဦးကျော်ဝင်း - (၂)ဒီနေရာမှာ ကိုချမ်းငြိမ်း စဉ်းစားသုံးသပ်နိုင်ဘို့ အချက်တစ်ချက်ကိုပြောပြ ချင်တယ်။ အကယ်၍ မလာအိကဟ်ကို လူလို့ လက်ခံလိုက်တယ်ဆိုပါစို့။ ဒါဆိုရင် အီစ်လာ့မ် ယုံကြည်ချက် ၅ ချက်ဖြစ်တဲ့ အထဲမယ် မလာအိကဟ်ကို ယုံကြည်ခြင်းဆိုတာကို ဘာကြောင့် အခန်းကဏ္ဍအဖြစ် ထည့်သွင်းထားရသလဲ။ ဒါဟာ အဓိကထားစဉ်းစားရမယ့် အချက်တစ်ချက်လို့ ကျွန်တော်လက်ခံထားတယ်။ ဒါနဲ့ပတ်သက်ပြီး တိကျတဲ့ အဖြေရရင် မလာအိကဟ်ဘာလဲဆိုတာကို သိနိုင်ဘို့ နီးစပ်နိုင်မယ်လို့ထင်ပါတယ်။

ချမ်းငြိမ်း - ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်ကို ပြောကြည့်မယ်နော် ဆရာ။
(က) တကယ်တော့ ယုံကြည်တယ်လို့ကျွန်တော်တို့ဒီနေ့ဘာသာပြန်နေတဲ့ ယုအ်မေနူးန ဆိုတာက လုံခြုံမှု ရှိတယ်၊ စိုးရိမ်ကြောင့်ကျမှုကင်းတယ်ဆိုတဲ့ အနက်တွေကို အဓိကပေးပါတယ်(Lane Lexicon)။ စကားလုံးရဲ့ ရည်ညွှန်းခြင်းက ဘာသာတရားတွေကပြောတဲ့ ယုံကြည်ချက်ဆိုတာနဲ့ မဆိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဆရာပြောတဲ့ (၅)ချက်အပေါ်မှာ စိုးရိမ်ကြောင့်ကျမှုမရှိကြဘူး၊ လုံခြုံစိတ်ချမှုကိုခံစားထားရတယ်လို့ ဆိုလို တယ်လို့ ကျွန်တော်နားလည်မိပါတယ်။
(ခ) မလာအိကဟ်ဆိုတာကို ဘာသာရပ်တစ်ခုခုမှာ အစွန်းရောက်လောက်အောင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူတွေလို့ ခံစားမိထားပါတယ်။ သာမန်ပညာရှင်လောက်ကို မဆိုလိုဘူးနော်။ သူတတ်ကျွမ်း တဲ့ပညာဟာ သူနဲ့တစ်သားတည်းဖြစ်နေတဲ့ အဆင့်မျိုးအထိရောက်နေသူ မျိုးကို ပြောတာပါ။ ယုံကြည်တယ် ဆိုတဲ့စကားလုံးကိုပဲ ယူပြီးပြောရမယ် ဆိုရင်လည်း - မှန်တိုင်းတိုက်ဖို့ရှိတယ်ဆိုတာကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူ ဇလဗေဒပညာရှင် တစ်ဦးက သတိပေးလာမယ်ဆိုရင် အဲ့ဒီစကားကို ကျွန်တော်တို့ယုံကြည်မလား၊ လျစ်လျူရှုထားမလား။ ယုံကြည်ပြီး အတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်ထားရင်တော့ ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကာကွယ်လို့ရပါမယ်။ မလာအိကဟ်ကို ယုံကြည်ခြင်းဆိုတာကို အဲ့သလိုလေး နားလည်မိပါတယ်။
သာမန်လူသားတွေဖြစ်တဲ့ ရစူလ်တွေဟာလည်း ဆရာပြောတဲ့(၅)ချက်ထဲမှာ ပါဝင်နေပါတယ်။

ဆရာဦးကျော်ဝင်း - ကျွန်တော်လည်း ဆက်လက်လေ့လာနေပါတယ်။ ကိုချမ်းငြိမ်းလည်း စိတ်မလောဘဲ တိကျတဲ့ အဖြေရတဲ့အထိ သုံးသပ်ဘို့ တိုက်တွန်းပါတယ်။ ကိုချမ်းငြိမ်းတွေ့ရှိလာတဲ့ အချက်တွေကို ကျွန်တော့်ဆီ မျှဝေပေးပါဦး။ လောလောဆယ်မှာ ကိုချမ်းငြိမ်းထောက်ပြတဲ့ အာယဟ်တွေကို ဖြေဆိုဘို့ အချိန်စောသေးတယ်လို့ ထင်ပါတယ်။

ချမ်းငြိမ်း - ကျွန်တော်က မလာအိကဟ်ဆိုတာ လူသားတွေသာဖြစ်တယ်ဆိုတဲ့ ခံယူချက်ကို လုံးဝပြင်မှာ မဟုတ်ဘူးဆိုတဲ့ စိတ်ထားကိုအခြေခံပြီး ဆရာ့ကို ပြိုင်ပြင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဆွေးနွေးမှုကို စတင်ခဲ့တာ မဟုတ်ရပါ။ ကုရ်အာန် ကျရောက်ခဲ့တာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ ခုထိ မလာအိကဟ် ဘာလဲဆိုတဲ့အဖြေမထွက်သေးတာ အားမရစရာပါ။ ဒါကြောင့်ဆရာနဲ့ကျွန်တော့်အကြား သဘောထား ကွဲလွဲမှုများကို အပြန်အလှန် ဆွေးနွေးရင်း အဖြေတစ်ခုခုထွက်လာစေဖို့ပဲ ရည်မှန်းထားခဲ့ပါတယ်။

ဒါကြောင့်ဆရာ့ဘက်က အဆင်ပြေ အချိန်ရလို့ ပြန်လည်ဆွေးနွေးပေးမယ်ဆိုရင် ဆရာ့ဆီက ပညာတွေကို အလကားရမှာဖြစ်တဲ့အတွက် အလွန်ကျေးဇူးတင်မိမှာပါ ဆရာ။

လေးစားစွာဖြင့်
ချမ်းငြိမ်း